NUCC National Unity Consultative Council

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ

# အကြမ်းဖက်စစ်အုပ်စုက စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်ရှိ စာသင်ကျောင်းတစ်ကျောင်းအား လူမဆန်စွာ တိုက်ခိုက်သတ်ဖြတ်ခဲ့မှုနှင့် ပတ်သက်သည့် သဘောထားထုတ်ပြန်ချက်

ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်

၁။ စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ လက်ယက်ကုန်းရွာရှိ ဒေသခံပြည်သူများ ဖွင့်လှစ်ထားသော ကိုယ်ထူကိုယ်ထ စာသင်ကျောင်းတစ်ကျောင်းကို စက်တင်ဘာလ ၁၆ ရက်နေ့ တွင် အကြမ်းဖက်စစ်အုပ်စုက ဝေဟင်နှင့် မြေပြင်မှ ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက် သတ်ဖြတ်မှုများကြောင့် ကလေးသူငယ် ၇ ဦးအပါအဝင် အနည်းဆုံး အရပ်သား ၁၃ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိထားသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ (၂၀) ဦးကျော်ကိုပါ မတရားဖမ်းဆီးခေါ်ဆောင်ခဲ့ကြောင်း သိရှိရသဖြင့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) အနေဖြင့် များစွာ ဝမ်းနည်းကြေကွဲရပါသည်။

၂။ ကလေးသူငယ်များသည် တိုင်းပြည်၏ အနာဂတ်ဖြစ်သဖြင့် မိမိတို့၏ အနာဂတ်များအား ၎င်းတို့ ကိုယ်ကျိုးအတွက် သွေးအေးအေးဖြင့် သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်းများ ပြုလုပ်နေသော အကြမ်းဖက်စစ်အုပ်စု၏ ဆိုးယုတ်မှုများသည် ခွင့်လွှတ် သည်းခံနိုင်စရာမရှိပါ။ အကြမ်းဖက်စစ်အုပ်စုသည် ဤကဲ့သို့သော လူမဆန်သည့် ရာဇဝတ်မှုများကို ယခုမှသာ ကျူးလွန်ခဲ့သည် မဟုတ်ဘဲ မြန်မာနိုင်ငံ လွတ်လပ်ရေးရစဉ် ကတည်းကပင် နှစ်ပေါင်း (၇၀) ကျော် ပြည်တွင်းစစ်ကာလ တလျှောက်လုံးတွင်လည်း ၎င်းတို့နှင့် အမြင် သဘောထား မတူညီသည့် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံနှင့် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးကို ရန်သူသဖွယ်ပစ်မှတ်ထား၍ အင်အားသုံးပြီး ရက်စက်ယုတ်မာစွာ ကလေးသူငယ်ပါမကျန် သတ်ဖြတ် လုယက် ဆိုးမိုက်ခဲ့သည့် လက်ရဲဇက်ရဲဖြစ်သော ကြေးစားစစ်တပ် အမျိုးအစား ဖြစ်ပါသည်။

၃။ ဤသို့ လက်ရဲဇက်ရဲ သတ်ရဲ ဖြတ်ရဲ နေခြင်းသည်လည်း ၎င်းတို့ ကျူးလွန်ခဲ့သည့် မတရားမှုအဝဝအပေါ် တရားဥပဒေက ပြစ်ဒဏ်မှ ကင်းလွတ်ခွင့် ရှိနေခြင်းကြောင့် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါကြောင့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံးနှင့် တော်လှန်ရေးအင်အားစုအသီးသီးအား အောက်ပါအတိုင်း တောင်းဆိုအပ်ပါသည်။

(က) ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် မတရားမှုများ ဆက်လက်မဖြစ်ပေါ်စေရေး အတွက် တခဲနက် အုံကြွ၍ ရရာနည်းလမ်းဖြင့် ဆက်လက်၍ ဆန့်ကျင်တော်လှန်ကြပါရန်၊

(ခ) မတရားစစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် တော်လှန်ရေးအင်အားစု အသီးသီးအနေဖြင့်လည်း စစ်အာဏာရှင်စနစ်ကင်းရှင်းသည့် တိုင်းပြည်အနာဂတ်ကို ရှေ့ရှု၍ စုစည်းညီညွတ်စွာဖြင့် တစ်စိတ်တည်း၊ တစ်ဝမ်းတည်း အတူတကွ ပါဝင်ဆန့်ကျင်သွားရန်၊

(ဂ) နိုင်ငံတကာအနေဖြင့်လည်း နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေ (International Humanitarian Laws) များကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ချိုးဖောက်နေသည့် အကြမ်းဖက်စစ်အုပ်စုအား နိုင်ငံတကာ တရားရေးဆိုင်ရာ ယန္တရားများဖြင့် နစ်နာဆုံးရှုံးသူများအတွက် တရားမျှတမှုရရှိစေရန်နှင့် တာဝန်ခံနိုင်ရေး အပါအဝင် ဥပဒေမှ ပြစ်ဒဏ်ကင်းလွတ်ခွင့် အဆုံးသတ်ရန်အတွက် ဝိုင်းဝန်း ဆောင်ရွက်ကြရန်၊

(ဃ) လေယာဉ်ဆီအပါအဝင် လက်နက်ရောင်းဝယ်ရေးများကို ကျယ်ကျယ်ပြန့်ပြန့် ပိတ်ဆို့မှုများ ဆောင်ရွက်ရန်၊

(င) နိုင်ငံတကာအသိုက်အဝန်းမှ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ပံ့ပိုးကူညီ ဆောင်ရွက်ရန်၊

၅။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) အနေဖြင့် ယခုကဲ့သို့ လူမဆန်စွာ တိုက်ခိုက်သတ်ဖြတ်ခဲ့မှုနှင့် ပတ်သက်၍ အပြင်းအထန် ရှုတ်ချပြီး ယခုကြေညာချက်ပါ ကိစ္စရပ်များ အကောင်အထည် ဖော်နိုင်သည်အထိ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မရပ်မနား အစွမ်းကုန် အားထုတ်၍ ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်သည်။

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ
ဆက်သွယ်ရန် - office@nucc-federal.org